ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

(၄၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

## ( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

## [သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ် စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၄၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၅)ရက်မြောက်နေ့ ၇-၁၀-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင် ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ကျား၊ မ ရေးရာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ဂငင်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဂငင်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဂငင်းအတိုင်း။ ဦးဌေ့တင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) ဂငင်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ဂငင်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၉)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၈)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် တပ်ဆင်ထားသော MPT ဖုန်းများအား တပ်မတော်ပိုင် ဖိုက်ဘာ ဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ ဆက်ကြောင်းအဖြစ် ပြောင်းလဲ ချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် တပ်ဆင်ထားသော MPT ဖုန်းများအား တပ်မတော်ပိုင် ဖိုက်ဘာ ဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ ဆက်ကြောင်းအဖြစ် ပြောင်းလဲ ချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ကျွန်တော်တင်ပြမေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် တပ်ဆင် ထားသော MPT ဖုန်းလိုင်းများအား တပ်မတော်ပိုင် ဖိုက်ဘာ Cable ဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT ကြိုးဖုန်းများ၊ CDMA 450 ဖုန်းနှင့် GSM ဖုန်းများအား တပ်ဆင်ပေးထားပြီးဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော MPT ဖုန်းလိုင်းများကို တပ်မတော်ပိုင် ဖိုက်ဘာ Cable ဆက်ကြောင်းမှတစ်ဆင့် ချိတ်ဆက်ရယူ ထားကြောင်းလည်း သိရှိရပါတယ်။ ဖိုက်ဘာ Cable ကြိုးများသည် ရာသီဥတုဒဏ်ကြောင့်သော် လည်းကောင်း၊ ဖိုက်ဘာ Cable ကြိုးများအား ကားလမ်းဘေးတွင် နီးနီးကပ်ကပ် မြှုပ်နှံထားသဖြင့် လမ်းပြုပြင်ခြင်း၊ လမ်းတိုးချဲ့ခြင်းများ ပြုသည့်အခါတွင်လည်းကောင်း၊ ဖိုက်ဘာ Cable ကြိုးများ မကြာခဏ ပြတ်တောက်သွားတတ်ပါသည်။ ပြတ်တောက်သည့်အခါများတွင်လည်း ပညာရှင်များအား ခေါ်ယူတပ်ဆင်ရသဖြင့် အချိန်ကြာမြင့်မှုများ ဖြစ်ပေါ်ရပါသည်။ ထို့ကြောင့် MPT ကြိုးဖုန်းလိုင်းများ ပြတ်တောက်သွားသည့်အချိန်တွင် လဲချားမြို့တွင် အစိုးရဌာနဆိုင်ရာရုံးများအနေဖြင့် အခြားမြို့နယ် များရှိ ဌာနဆိုင်ရာများနှင့် အချင်းချင်းဆက်သွယ်ရာတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ အနေဖြင့်လည်း အခြားမြို့နယ်များဖြင့် Fax စနစ်ဖြင့် ငွေလွှဲ၊ ငွေပို့ခြင်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ အချိန်ကြန့်ကြာမှုများ ကြုံတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် တပ်ဆင်ထားသော MPT ဖုန်းလိုင်း များအား တပ်မတော်ပိုင် ဖိုက်ဘာ Cable ဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်နှင့် GSM ဖုန်း များအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြားရှိ ပါဒလိပ်ကူးတို့ကို စက်တပ်(ဇက်) ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့အဖြစ် အစိုးရအနေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ကရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြားရှိ ပါဒလိပ်ကူးတို့ကို စက်တပ်(ဇက်)

ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့အဖြစ် အစိုးရအနေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်(၁) က ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ စစ်တွေမြို့နယ်ရှိ ကူးတို့တစ်ခုကို (ဇက်) ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့အဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပါဒလိပ်ကူးတို့ဟာ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့တွင်ရှိတဲ့ ကြို့တဲကျွန်းနဲ့ ရသေ့တောင် မြို့နယ်မှ မစဲကျွန်းတို့ကို ခြားထားသော မြစ်ကိုဖြတ်ကူးတဲ့ ကူးတို့တစ်ခု ဖြစ်ပါတယ်။ ထိုမြစ်ဟာ (၁)မိုင် နီးပါး ကျယ်ပါတယ်။ မစဲကျွန်းပေါ်၌ ကျေးရွာပေါင်း (၂၄) ရွာရှိပြီး၊ ငုဝါကျေးရွာနှင့် ကူတောင်ကျေးရွာ တို့မှာ အထက်တန်းတစ်ကျောင်းစီ ရှိပါတယ်။ ဇီးကိုင်းကျေးရွာတွင်လည်း အ.ထ.က ကျောင်း(ခွဲ)တစ်ခု ရှိတဲ့အပြင် မစဲကျွန်းတစ်ကျွန်းလုံးမှာ လူဦးရေ (၂၀၀၀၀)ကျော်ခန့် နေထိုင်လျက်ရှိပါတယ်။ မစဲကျွန်း ကျေးရွာများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူ့ဝန်ထမ်းများမှ ဒီ ပါဒလိပ် ကူးတို့မှ နေ့စဉ်ဖြတ်ကူး၍ သွားလာနေကြရပါတယ်။ ကျေးလက်ပြည်သူများမှာလည်း စစ်တွေမြို့သို့ နေ့စဉ်နှင့်အမျှ ဈေးရောင်း၊ ဈေးဝယ်သွားလာရာတွင် ဤကူးတို့ကိုပဲ အသုံးပြုနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)ကျော် လမ်းစဉ်ပါတီခေတ်က ဤကူးတို့ကို ဖြတ်၍ ရသေ့တောင်၊ စစ်တွေကားလမ်းဖောက်လုပ်ရန် အစီအစဉ်ရှိခဲ့သော်လည်း အထမမြောက်ခဲ့ပါ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ကဆိုရင် ရသေ့တောင်မြို့နယ်တွင် ကူးတို့စက်လှေနစ်မြုပ်၍ ကျောင်းသူ (၄)ဦး သေဆုံးခဲ့ရပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်တွင်လည်း ကူးတို့စက်လှေတိမ်းမှောက်မှု ကြောင့် ကျောင်းသူ၊ ကျောင်းသား (၇)ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။ အကယ်၍ ဒီ ပါဒလိပ်ကူးတို့ကို (ဇက်)ရေယာဉ်ဖြင့် ကူးဖြတ်နိုင်ပါက မစဲကျွန်းအတွင်း ပတ်ချာလည်မောင်းနှင်နေသော ဆိုင်ကယ်များ၊ မော်တော်ကားများမှာ စစ်တွေမြို့အထိ မောင်းနှင်သွားနိုင်မှာ ဖြစ်ပါတယ်။ စစ်တွေမြို့နှင့် ရသေ့တောင် မြို့ဟာလည်း (၄၅)မိုင်သာ ကွာဝေးသဖြင့် မစဲကျွန်းကို ဖြတ်၍ စစ်တွေ- ရသေ့တောင် သွားလာရာ တွင်လည်း အလွန်လွယ်ကူ ချောမွေ့သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်ကြားရှိ ပါဒလိပ်ကူးတို့ကို ဇက်ဖြင့် ကူးသည့် ကူးတို့အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) လဲချားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် တပ်ဆင်ထားတဲ့ MPT ဖုန်းများကို တပ်မတော်ပိုင် ဖိုက်ဘာ ဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းအား ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ဆက်သွယ်ရေး ကွန်ရက်စနစ် လွိုင်လင်-လဲချား-မိုင်းနောင် ဖိုက်ဘာဆက်ကြောင်းပေါ်ရှိ လဲချားတပ်မတော်ဆက်သွယ်ရေးကွန်ရက်စခန်းကနေ ဖိုက်ဘာကေဘယ်လ်(၇)ကီလိုမီတာခန့် သွယ်တန်း၍ အဝေးဆက်သွယ်မှုအတွက် Channel (၅)လိုင်းကို ငှားရမ်းပြီး လဲချားအော်တိုအိတ်ချိန်းကို ၂၀၀၉ ခုနှစ်၊ ဧပြီလ တွင်လည်းကောင်း၊ CDMA-450 စခန်းကို ၂၀၁၂ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ GSM စခန်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပြီးတော့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုပါ တပ်မတော်မှ ငှားရမ်းထားတဲ့ ဖိုက်ဘာကေဘယ်လ် ပြတ်တောက်ခြင်း၊ စက်ပစ္စည်းများ ချို့ယွင်းခြင်းတို့ ဖြစ်ပေါ်ပါက ကျွန်တော်တို့ နယ်မြေခံ ဆက်သွယ်ရေးတပ်ရင်းသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကူအညီတောင်းခံ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီဖိုက်ဘာကေဘယ်လ်ကနေပြီး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းနေရာဆိုရင် ကျွန်တော်တို့ ဖိုက်ဘာဆက်ကြောင်းများလောက် Bandwidth တိုးချဲ့နိုင်မှု၊ လိုင်းတိုးချဲ့နိုင်မှု မရှိသဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဖိုက်ဘာဆက်ကြောင်းများကိုသာ တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။

ဥပမာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အခုထက်ထိ ချခင်းပြီးတဲ့ ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းဟာဆိုရင် ကျွန်တော်တို့ ကီလိုမီတာ(၄၀၀၀၀)ကျော်ရှိပါတယ်။ မိုက္ကရိုဝေ့ဗ်စခန်းအားဖြင့်ဆိုရင် ကျွန်တော်တို့က (၃၅၀)လောက်ပဲရှိပါသေးတယ်။ မိုက္ကရိုဝေ့ဗ်စခန်းက အဓိကကျွန်တော်တို့က ဒီ ဖိုက်ဘာချခင်းရန် ခက်ခဲတဲ့ မြေ အနေအထားပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က အများအားဖြင့် အသုံးပြုတာဖြစ်ပါတယ် ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ လဲချားမြို့ကို ဆက်သွယ်ရေးပိုမိုကောင်းမွန်စေဖို့အတွက်ကို လွိုင်လင်မှတစ်ဆင့် လဲချားမြို့ကိုဖြတ်၍ လားရှိုးမြို့သို့

သီးခြားဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းအဖြစ် လမ်းကြောင်းကတော့ ကျွန်တော် Power Point နှင့် တင်ပြပါရစေခင်ဗျား။ ခွင့်ပြုပါ။

လွိုင်လင်-လဲချား-မိုင်းကိုင်-ကျေးသီး-မိုင်းရယ်-နမ့်ပေါင်-လားရှိုး ကို အဲဒီဆက်ကြောင်းကို ကျွန်တော်တို့ တည်ဆောက်ခဲ့ရာ ဖိုက်ဘာကေဘယ်လ် ချခင်းခြင်းလုပ်ငန်းများမှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လကုန်မှာ ကျွန်တော်တို့ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ လိုအပ်တဲ့ စက်ပစ္စည်းတွေ တပ်ဆင်ခြင်းလုပ်ငန်းကိုတော့ ကျွန်တော် ဆက်လက်ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလနောက်ဆုံးထား၍ တပ်ဆင်ပေးသွားမှာဖြစ်ပြီး လဲချားမြို့တွင် ဆက်သွယ်ရေးစနစ် ပိုမိုတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ် ခင်ဗျား။

အဲဒီအပြင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် အော်တိုအိတ်ချိန်းဝင်းအတွင်း 2G ကနေပြီး 3G စနစ်ကို အဆင့်မြှင့်တင်တဲ့ GSM စခန်း(၁)ခု၊ နောင်လိန်ရွာမှာဆိုရင် ကျွန်တော်တို့ ဒီ Irrawaddy Green Tower ကနေ တည်ဆောက်ထားတဲ့ Tower ကို Sharing ပြုလုပ်၍ GSM စခန်း(၁)ခု၊ မက်မုန်ဆန်ရွာမှာ GSM စခန်း(၁)ခု၊ အမှတ်(၁) ရပ်ကွက်တွင် GSM စခန်း(၁)ခုနှင့် ကတ်မောက်ကျေးရွာအုပ်စုအနီးမှာ GSM စခန်း(၁)ခုတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ကျွန်တော် Power Point နှင့်ဇယားကို တင်ပြထားပါတယ် ခင်ဗျား။ ဒီမှာဆိုရင် ကျွန်တော်တို့က ပထမ လဲချားအော်တိုအိတ်ချိန်းဝင်းမှာဆိုရင် ကျွန်တော်တို့က ၂၀၁၆ ခုနှစ် (၉)လပိုင်း (၂၀) ရက်နေ့မှာ အဆင့်မြှင့်တင်ပြီးဖြစ်ပါတယ်။ 3G ပြောင်းလဲပြီးဖြစ်ပါတယ်။ နောင်လိန်ကျေးရွာမှာဆိုရင် ကျွန်တော်တို့က ခုနပြောသလို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခန့်တွင် ပြီးစီးမည်လို့ ခန့်မှန်းပါတယ်။ မက်မုန်ဆန်ကျေးရွာမှာ ဆိုရင်တော့ ကျွန်တော်တို့ ထိုနည်းလည်းကောင်းပဲ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခန့်တွင် ပြီးစီးမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ အမှတ်(၁)ရပ်ကွက်၊ လဲချားမြို့နယ်မှာဆိုရင် ကျွန်တော်တို့က ဒီဟာကို ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဟာတော့ ကျွန်တော်တို့က တယ်လီနောနဲ့ တာဝါတစ်တိုင်တည်းမှာ မျှဝေပြီးတော့ သုံးစွဲမှာဖြစ်ပါတယ်။ ကတ်မောက်ကျေးရွာအုပ်စုမှာဆိုရင် ကျွန်တော်တို့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ ကျွန်တော်တို့ တယ်လီနောမြန်မာလီမိတက်အနေနဲ့ကလည်း လဲချားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်မှာ GSM စခန်း(၁)ခု၊ နောင်မိုင်းကျေးရွာမှာ GSM စခန်း(၁)ခု၊ ဟိုနောင်လုံကျေးရွာမှာ GSM စခန်း(၁)ခုနှင့် ဝမ်စိန်ကျေးရွာမှာ GSM စခန်း(၁)ခုတို့ကို ဆောင်ရွက်လျက်ရှိရာ ဇယားပါ ဖော်ပြတဲ့အတိုင်း ဆောင်ရွက်ထားမှုအခြေအနေရှိပါတယ်။ အမှတ်(၁)ရပ်ကွက်မှာဆိုရင် ကျွန်တော်တို့က စခန်းဖွင့်လှစ်ပြီးဖြစ်ပါတယ်။ နောင်မိုင်းရွာ၊ ဟိုနောင်လုံရွာ အဲဒီမှာ အားလုံး စခန်းဖွင့်လှစ်ပြီးဖြစ်ပါတယ်။ နောက် ဝမ်စိန်ကွင်း၊ ကွင်းအမှတ်(၂၁)၊ အမှတ်(၁)ရပ်ကွက်မှာဆိုရင် ကျွန်တော်တို့က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။

အော်ရီဒူးမြန်မာလီမိတက်အနေနဲ့လည်း ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ က နားပွယ်ကျေးရွာမှာ GSM စခန်း(၁)ခု၊ အမှတ်(၄)ရပ်ကွက်မှာ GSM စခန်း(၁)ခုနဲ့ နောင်မိန်းကျေးရွာမှာ GSM

စခန်း(၁)ခုတို့ကို အောက်ပါအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ထားပါတယ်။ ကျွန်တော် ဒီ နားပွယ် ကျေးရွာမှာ စခန်းဖွင့်လှစ်ပြီးပါပြီ။ နောက်တစ်ခါ အမှတ်(၄)ရပ်ကွက်မှာဆိုရင် တာဝါတည်ဆောက်ပြီးစီး၍ စက်ပစ္စည်းတွေ တပ်ဆင်နေပါတယ်။ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။ နောက်တစ်ခါ အမှတ်(၇)ရပ်ကွက်မှာကတော့ ခုနပြောသလို ထိုနည်းလည်းကောင်းပဲ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။

ဒီဟာကတော့ ကျွန်တော်တို့ အခု ကျွန်တော်တင်ပြသွားတဲ့ ဒီ တာဝါတိုင်စခန်းတွေပေါ့နော်။ စခန်းတွေကို အခြေအနေပြထားတဲ့ပုံဖြစ်ပါတယ်။ ဖွင့်လှစ်ပြီးဖြစ်တဲ့ဟာ အပြာရောင်နဲ့ ပြထားပါတယ် ခင်ဗျား။ ကျွန်တော်တို့ စက်တပ်ဆင်ရန်ကျန်တဲ့ (၅)ခုကတော့ အစိမ်းရောင်နဲ့ ပြထားပါတယ်။ နောက် အနီနဲ့ပြထားတာ မြေနေရာရရှိပြီး တည်ဆောက်ဖို့အတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ် ခင်ဗျား။ အဝါနဲ့ပြထားတာက အဲဒီအနီးအနားမှာ မြေနေရာရှာဖွေဆဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြသွားတဲ့အတိုင်း ရှမ်းပြည်နယ် (တောင်ပိုင်း)လဲချားမြို့နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဖိုက်ဘာကေဘယ်လ် ဆက်ကြောင်းအသစ်များ သွယ်တန်းခြင်း၊ GSM မိုဘိုင်းစခန်းအသစ်များ တည်ဆောက်ခြင်းနှင့် တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူးမြန်မာလီမိတက်တို့အနေနဲ့လည်း တာဝါတိုင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေတဲ့ အခြေအနေတင်ပြလျက် ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ် အမှတ်(၁) မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင်၏ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ် အကြားရှိ ပါဒလိပ်ကူးတို့ကို စက်တပ်ဇက်ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့ဖြင့် အစိုးရအနေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရခိုင်ပြည်နယ်၊ အစိုးရ အဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း၍ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်မှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် Power point လေးနဲ့ တင်ပြပါရ စေခင်ဗျား။ စစ်တွေမြို့နှင့် ရသေ့တောင်မြို့နယ်ကြားမှာရှိတဲ့ ပါဒလိပ်ကူးတို့ပြေးဆွဲမှုမှာ လက်ရှိမှာ ကျွန်တော်တို့ ရသေ့တောင် သာရေး၊ နာရေးအသင်းကနေပြီးတော့ စက်ရေယာဉ်တစ်စင်းနဲ့ ခရီးသည် သီးသန့် ပြေးဆွဲလျက်ရှိပါတယ်။ သူပြေးဆွဲတဲ့နေရာမှာ တစ်နေ့မှ ခေါက်ရေ(၂၀)၊ တစ်ခေါက်လျှင် ခရီးသည် (၂၅)ဦးခန့်လိုက်ပါပြီး ခရီးသည်တစ်ဦးလျှင် ကျပ်(၃၀၀)နှုန်း ကောက်ခံလျက်ရှိတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်ဒီဟာ တင်ပြခြင်းက ကျွန်တော်တို့က စက်တပ်ရေယာဉ်ဆိုရင် ကျွန်တော်တို့ က ကုန်ရော လူရောဆို တန်(၁၀၀) ဆံ့ပါတယ်။ လူခရီးသည်ချည်းပဲ သက်သက်ဆိုရင် ကျွန်တော်တို့ အယောက်(၂၀၀)လောက်အထိ တင်နိုင်ပါတယ်ခင်ဗျား။ အဲဒီတော့ အခုတင်ပြသွားတဲ့ လက်ရှိပြေးဆွဲနေတဲ့အခြေအနေအရ စက်တပ်ဇက်ရေယာဉ်နဲ့ဆွဲမယ်ဆိုရင် ခုနပြောသလို စီးပွားရေး တွက်ခြေကိုက်ဖို့ကို အခက်အခဲရှိမယ့်သဘော ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

တဖန် ကျွန်တော်တို့ စစ်တွေ-ပါဒလိပ်ဆိပ်ကမ်းမှာ လှေကားပါတဲ့ ကွန်ကရစ်ရေဆင်း တံတားရှိပြီးတော့ မုစဲကျွန်းဘက်ကမ်းခြေ စစ်ကိုင်းရွာ ဆိပ်ကမ်းမှာ သမွန်ရေယာဉ်ဆိုက်ကပ် တံတား သာ ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပါဒလိပ်ကမ်းလှေကားပါတဲ့ ကွန်ကရစ်ရေဆင်းတံတားပုံပါ။

ဒါကတော့ ကျွန်တော်တို့ ရသေ့တောင်ဘက်ကမ်း စစ်ကိုင်းရွာ ဆိပ်ကမ်းပုံပါ။ ဒါကတော့ သာမန် ဆိပ်ကမ်းလေး ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရဆိုရင် စက်တပ်(ဇက်) ရေယာဉ်သုံးမယ်ဆိုရင် ပါဒလိပ်ဆိပ်ကမ်းဘက်မှာ အခက်အခဲမရှိနိုင်ပေမယ့် ကျွန်တော်တို့ မစဲကျွန်းဘက်ကမ်းခြေ စစ်ကိုင်း ရွာရှိ တံတားမှာတော့ စက်တပ်(ဇက်) ရေယာဉ်ဆိုက်ကပ်ဖို့ အခက်အခဲရှိမှာ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရခိုင်ဌာနတွင်လည်း စက်တပ်(ဇက်)ရေယာဉ် အမျိုးအစားမရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ရှိတာတော့ တစ်စီးရှိပါတယ်။ အဲဒါအရင်က ကျွန်တော်တို့ ဆောက်လုပ်ရေးတံတား စီမံကိန်းကို ယာဉ်ငှားတာ။ အဲဒီတစ်စီးက အခုကျွန်တော်တို့ ကျဉ်းတင်ထားပြီးတော့ လိုအပ်တဲ့ သံပြား သံကိုင်းတွေကို ဝယ်ဖို့အတွက် ရန်ပုံငွေ အခြေအနေခက်ခဲတဲ့အတွက်ကို အသုံးမပြုနိုင်ဘဲ ကျွန်တော် တို့က ကျဉ်းတင်ထားတဲ့ အခြေအနေ ဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့ ကျွန်တော်တို့က ရေယာဉ်မရှိတဲ့ အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့က ပြေးဆွဲရန် အစီအစဉ်မရှိပါကြောင်းနှင့် ရခိုင် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကတော့ ပြေးဆွဲလိုတဲ့ ပုဂ္ဂလိက ဇက်ရေယာဉ်များရှိပါက ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပြေးဆွဲခွင့်ပြုနိုင်မယ်ဖြစ်ကြောင်း ဖြေကြားထားတဲ့အကြောင်း ကျွန်တော် ရှင်းလင်းတင်ပြ အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားသော ကုမ္ပဏီ ရှိ/မရှိ နှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို အရေးယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားသော ကုမ္ပဏီ ရှိ/မရှိနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို အရေး ယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး ဧည့်သည်တော် များ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်

ခင်ဗျား။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ မောင်တောခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားတဲ့ ကုမ္ပဏီ ရှိ/မရှိနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို ပြင်းထန်သော အရေးယူရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်မှာ မေယုသစ်တောကြိုးဝိုင်းနှင့် စိုင်းတင်ကြိုးပြင်ကာကွယ်တော မောင်တောမြို့နယ်မှာ မေယုသစ်တောကြိုးဝိုင်း၊ မေယုကြိုးပြင်ကာကွယ်တောနှင့် မေယုတိုးချဲ့ ကြိုးပြင်ကာကွယ်တောများကို သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ တည်ထောင်ထားတာ ဖြစ်ပါတယ်။ ဒီသစ်တောတွေမှာကျွန်းနှင့် အုပ်စု(၁) အမျိုးအစားမှာပါဝင်တဲ့ သစ်တွေ မြောက်မြားစွာပေါက်ရောက်လျက်ရှိပါတယ်။ ဒီကြိုးဝိုင်းများအတွင်းက သစ်ထုတ်ရောင်းချခွင့် ရရှိရေးအတွက် ၂၀၁၄ ခုနှစ်မှာ Myint Brothers Asia Co.Ltd ၊ နယ်စပ်ခြံစည်းရိုး စီမံကိန်းလုပ်ငန်းနဲ့ မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာများ၊ တည်ဆောက်ရေးလုပ်ငန်းများမှာ အသုံးပြုရန်အတွက် ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၅ခုနှစ်မှာ ဒွေး ကုမ္ပဏီက သစ်တန်ချိန် (၅၀၀၀) စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန်အတွက် လျှောက်ထားခဲ့ရာ ဘူးသီးတောင်မြို့ခံလူထုတွေက ကန့်ကွက်ခဲ့တဲ့အတွက် ခွင့်ပြုခဲ့ခြင်းမရှိခဲ့ပါဘူး။

၂၀၁၆-၂၀၁၇ အတွင်း တစ်နိုင်ငံလုံးမှာ သစ်ထုတ်လုပ်ခွင့် (၁)နှစ် ရပ်ဆိုင်းမည်လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဇွန်လအတွင်းက ထုတ်ပြန်ကြေညာခဲ့တာကို သိရပါတယ်။ သို့သော်လည်း မောင်တောခရိုင်အတွင်း သစ်ထုတ်ရောင်းချခွင့်ကို Myint Brothers Asia Co.Ltd အား ခွင့်ပြုထားကြောင်း သတင်းတွေက ထွက်ပေါ်နေပါတယ် ခင်ဗျား။ ကုမ္ပဏီများ ထုတ်လုပ်ခွင့်ရရှိခြင်းကို အကြောင်းပြပြီးတော့ လက်ကိုင်လွှစက်များနှင့် အုပ်စုဖွဲ့ သစ်ခိုးထုတ်မှုတွေ၊ ခိုးထုတ်တဲ့အဖွဲ့တွေ မြောက်မြားစွာပေါ်ပေါက်လာတာကို တွေ့ရပါတယ်။ ဒီလိုခိုးထုတ်မှုတွေကြောင့် တစ်နှစ်မှာ သစ်တန်ချိန်(၅၀၀၀)၊ ကာလတန်ဖိုး သန်း(၄၀၀၀)ဖိုးခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တရားမဝင် ရောက်ရှိသွားပါတယ်။ သစ်ခိုးထုတ်ရာမှာ လမ်းကြောင်းနှစ်ခုကို အသုံးပြုပါတယ်။ မေယုမြစ်ကနေ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်တဲ့လမ်းနဲ့ ဘူးသီးတောင်-မောင်တောကားလမ်းကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သွားတဲ့လမ်းတို့ ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ခိုးထုတ်မှု များပြားလာခြင်းနဲ့အတူ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေကြတဲ့ တပ်ရင်း၊ တပ်ဖွဲ့များ အုပ်ချုပ်မှုအာဏာရှိသူများနဲ့ သစ်တောဝန်ထမ်းတွေဟာ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ(က)ကို မလိုက်နာဘဲ ကိုယ်တိုင်ကျူးလွန်နေကြတာ မြင်ရပါတယ်။ တချို့ လက်ကိုင်လွှစက်အုပ်စုများဖွဲ့ပြီး ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်နေတာ တွေ့မြင်လာရပါတယ်။ ဒီလိုပြုမူ ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်နှင့် နိုင်ငံသားများ-----(ဩဘာသံများ)

**မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာအနီး၊ မော်လမြိုင် - သံဖြူဇရပ် ကားလမ်းမကြီးဘေးရှိ အမှတ်(၃)သတ္တုတွင်းဝန်ကြီးဌာနက ဖျက်သိမ်းပြီးဖြစ်သည့် မြေဖြူသန့်စင် စက်ရုံနေရာတွင် နောက်ထပ်လုပ်ငန်းအသစ် ထူထောင်လုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလသိမ်းဆည်း ခံခဲ့ရသည့် ခြံပိုင်ရှင်မိသားစုသို့ မြေ သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာအနီး၊ မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးဘေးရှိ အမှတ်(၃)သတ္တုတွင်း ဝန်ကြီးဌာနက ဖျက်သိမ်းပြီးဖြစ်သည့် မြေဖြူသန့်စင် စက်ရုံနေရာတွင် နောက်ထပ်လုပ်ငန်းအသစ် ထူထောင်လုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် မရှိပါက မူလသိမ်းဆည်းခံခဲ့ရသည့် ခြံပိုင်ရှင် မိသားစုသို့ မြေ သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာအနီး၊ မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးဘေးရှိ အမှတ် (၃) သတ္တုတွင်းဝန်ကြီးဌာနက ဖျက်သိမ်းပြီးဖြစ်သည့် မြေဖြူသန့်စင် စက်ရုံနေရာတွင် နောက်ထပ် လုပ်ငန်းအသစ် ထူထောင်လုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် မရှိပါက မူလသိမ်းဆည်းခံခဲ့ရသည့် ခြံပိုင်ရှင် မိသားစုသို့ မြေ သို့မဟုတ် နစ်နာကြေးပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖျက်သိမ်းလိုက်တဲ့ မြေဖြူသန့်စင်စက်ရုံဟာ မုဒုံမြို့၊ ကျုံဖိုက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၄၈) တော်ဖွတ်အရှေ့ကွင်းဦးပိုင်အမှတ်(၈၉) ဧရိယာ (၄.၉၀) ဧကရှိတဲ့ မြေ ဖြစ်ပြီးတော့ ယခုလက်ရှိအချိန်အထိ မူလပိုင်ရှင်ဦးပန်းရွှေ အမည်ပေါက်လျက်ရှိပါတယ်။ ဒီ ခြံမြေကို ၂၁-၈-၁၉၈၅ မှာ သတ္တုတွင်း ဝန်ကြီးဌာနက မြေဖြူသန့်စင် စက်ရုံလုပ်ကိုင်ဖို့ အကြောင်း ပြပြီးသိမ်းယူခဲ့တဲ့အခါမှာ ခြံပိုင်ရှင်ကို မြေအစားထိုးနှင့် လျော်ကြေး၊ နစ်နာကြေး ပေးဆောင်ခဲ့ခြင်း မရှိခဲ့ပါဘူးခင်ဗျား။ စက်ရုံတည်ဆောက်ပြီး နှစ်အနည်းငယ်သာ လည်ပတ်နိုင်ခဲ့ပြီးတော့ လုပ်ငန်း မအောင်မြင်တဲ့အတွက်ကြောင့် လွန်ခဲ့တဲ့ (၁၅) နှစ်ကျော်ခန့်ကတည်းက အဓိကကျတဲ့အစိတ်အပိုင်း အားလုံးကို ဖျက်သိမ်းသွားပြီး လက်ရှိစက်ရုံဟာ ဂိုဒေါင်အဟောင်း (၃)လုံး၊ ဝန်ထမ်းအဆောင်ငယ် (၁)လုံးရယ်၊ မန်နေဂျာမရှိ၊ ဝန်ထမ်းမရှိ ခြံစောင့်မိသားစုသာရှိတဲ့ အချည်းနှီးသော မြေကွက်ကြီး ဖြစ် နေပါတယ် ခင်ဗျား။

အဲဒီတော့ ဒီပိုင်ရှင်တွေဟာ ဒီမြေကွက်နှင့် ပတ်သက်ပြီးတော့ ပြန်ရဖို့အတွက် လျှောက်လွှာ တင်တဲ့အခါကျမှ သတ္တုတွင်းဝန်ကြီးဌာနက ဆိုင်းဘုတ်တစ်ခုလာရောက် ချိတ်လိုက်ပါတယ်။ အဲဒီတော့ ခြံစောင့်က ခြံဝန်းထဲမှာ ရှိတဲ့ မြေလွတ်နေရာမှာ ပြင်ပက စိုက်ပျိုးရေး လုပ်ငန်းရှင်တွေကို ခေါ်ပြီးတော့

ရာဘာပျိုးပင်တွေကို စိုက်ပျိုးခွင့်ပေးသလို၊ ဂိုဒေါင်ထဲမှာလည်း အခကြေးငွေယူပြီးတော့ ပြင်ပက လုပ်ငန်းရှင်တွေ ပစ္စည်းကို သိမ်းဆည်းသိုမှီခြင်းအားဖြင့် ဝင်ငွေရရှိခံစားနေပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်ငန်းနှင့် အခွန်ဘဏ္ဍာရှာဖွေ ပေးနိုင်ခြင်းမရှိတဲ့ ဒီနေရာမှာ ကျွန်တော်တို့ မုဒုံမြို့နယ်ဒေသနဲ့ နိုင်ငံအကျိုးပြုလုပ်ငန်း စီမံအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် စီမံကိန်း အသစ်ချမှတ်ဖို့ ရှိ/မရှိ မရှိတော့ဘူးဆိုလို့ရှိရင် မူလသိမ်းဆည်းခံခဲ့ရတဲ့ မြေပိုင်ရှင်ကို နစ်နာကြေး သို့မဟုတ် မြေအစိတ်အပိုင်း ပြန်လည်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံကနေပြီး ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားသော ကုမ္ပဏီ ရှိ/မရှိနဲ့ တရားမဝင် သစ်ခိုးထုတ်မှုများကို အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ကို Power point တင်ပြခွင့်ပြုပါခင်ဗျား။ Power point ထဲမှာ ကျွန်တော် တင်ပြတဲ့အတိုင်း မြန်မာနိုင်ငံသစ်တောရဲ့ စီမံအုပ်ချုပ်မှုများကို စနစ်တကျ ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ဟာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် နှစ်မြို့ကို ဖွဲ့စည်းထားပြီးတော့ ကျွန်တော် Power point အတိုင်းအားလုံးသစ်တောနယ်မြေဟာ (၆၇၈၉၅)ဧက ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ ၂၀၁၁ ခုနှစ်မှာ ဇွန်လအတွင်းဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်မှုများနဲ့ မီးလောင်ပျက်စီးသွားတဲ့နေအိမ်များကို ပြန်လည်တည်ဆောက်ရန်အတွက် လိုတဲ့ လိုအပ်တဲ့ မိမိသုံး သစ်လုံးတန် (၁၅၀၀) အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မောင်တောခရိုင်၊ မောင်တောမြို့နယ် မေယုကြိုးပြင်တောမှာ ကျွန်တော်တို့ ပင်ထောင်(၃၉၅)ပင်နဲ့ ဘူးသီးတောင်မြို့နယ်၊ စိုင်းတင်ကြိုးဝိုင်း ကာကွယ်တောမှာ (၂၁၅)ပင်၊ စုစုပေါင်း(၆၁၀)ပင်ကို ပင်ထောင်ရိုက်မှတ်ခဲ့ပြီး ထားပေမယ့်လည်း သစ်ထုတ်လုပ်နိုင်ခြင်းမရှိပါဘူး။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာလည်းပဲ ဘင်္ဂလားဒေ့ရှ် နိုင်ငံကနေပြီးတော့ ပြန်လည်ပြောင်းရွှေ့ဝင်ရောက်လာတဲ့ တိုင်းရင်းသားများအတွက် နေအိမ်နဲ့ ရဲစခန်း

ဆောက်လုပ်ဖို့အတွက် မြန်မာ့သစ်လုပ်ငန်း လေလံကနေပြီးတော့ သစ်ခွဲသား(၆၁၄)တန်ဖြင့် ဆောက်လုပ်ခဲ့တဲ့အကြောင်းကို ကျွန်တော်အထက်တင်ပြခဲ့တဲ့ ပင်ထောင်များ (၆၁၀)ပင်ကလည်း ခုတ်ယူခဲ့ခြင်း မရှိကြောင်း တွေ့ရှိခဲ့ပါတယ်။

ထိုနည်းတူပဲ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီးတော့ ပြောင်းရွှေ့ဝင်ရောက်လာတဲ့ တိုင်းရင်းသားအိမ်ထောင်စု (၁၅၀)နဲ့ နယ်စပ်ကနေ ဝင်ရောက်လာတဲ့ မြို၊ ခမီ၊ ဒိုင်းနတ် တိုင်းရင်းသား အိမ်ထောင်စု(၂၀၀) ခန့်အတွက် နေအိမ်ဆောက်လုပ်ရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး တည်ဆောက်မှုလုပ်ငန်းများ သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သစ်လိုအပ်ချက်အရ မူလရိုက်မှတ်ထားတဲ့ မိမိသုံးသစ် တန်(၁၅၀၀) အတွက်ကို ပင်ထောင်(၆၁၀)ပင်အား ပြန်လည်ခွင့်ပြုပေးပါရန် ရခိုင်ပြည်နယ် သစ်တောဦးစီးဌာနရဲ့ တင်ပြချက်အရ ကျွန်တော်တို့ ပြန်လည်ခွင့်ပြုခဲ့ပါတယ်။ အခုနက အဆိုပါ မိမိသုံးသစ်များကို ထုတ်လုပ်ရန်အတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းက စိစစ်ထောက်ခံထားတဲ့ မြင့်ဘရားသား (အာရှ)ကုမ္ပဏီကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ခွင့်ပြုသင့်ပါကြောင်း ရခိုင်ပြည်နယ် သစ်တောဦးစီးဌာနရဲ့ တင်ပြချက်အရ မိမိသုံးသစ် တန်(၁၅၀၀) ထုတ်လုပ်ခြင်းကို လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျခွင့်ပြုခဲ့ပါတယ်။

ခွင့်ပြုချက်အရ မြင့်ဘရားသား ကုမ္ပဏီကနေပြီးတော့ မောင်တောမြို့နယ်၊ မေယုကြိုးပြင်ကာကွယ်တောမှာ ထုတ်လုပ်ခဲ့တဲ့ သစ်များကိုလည်းစာရင်းများကို ကျွန်တော် Power point မှာ တင်ပြထားပါတယ်။ အဲဒီ သစ်များအတွက်ကိုအုပ်စု(၁) သစ်တစ်တန်ကို ကျပ်(၄၀၀၀)၊ သစ်မာအုပ်စု (၃၊၄၊၅) တစ်တန်ကို ကျပ်(၃၀၀၀)နှုန်းနဲ့ ကျသင့်တဲ့ အခွန်တော်ငွေများကိုတော့ မောင်တောမြို့နဲ့ ဘူးသီးတောင်မြို့ မြန်မာ့စီးပွားရေးဘဏ်များကိုလည်း အသီးသီးပေးသွင်းပြီး ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြ ထားတဲ့အတိုင်း မိမိသုံး သစ်လုံး (၁၁၅၀) လုံးနဲ့ တန်အားဖြင့် (၁၀၆၀.၅၈)တန်ကို ထုတ်လုပ်တဲ့နေရာမှာ ပင်ထောင်ရိုက်ခြင်း၊ ခုတ်လှဲပိုင်းဖြတ်ခြင်း၊ စစ်တံဆိပ်၊ အကောက်တံဆိပ်များ ချမှတ်ခြင်း၊ လုပ်ငန်းစဥ်များကို နယ်မြေခံ သစ်တောဦးစီးဌာနမှ စစ်ဆေးကြပ်မတ်ပြီးတော့ လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပင်ထောင်ရိုက်ခဲ့တဲ့ သစ်မာပင်ထောင်များကိုသာ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နဲ့ ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ မောင်တောခရိုင် သစ်ထုတ်လုပ်ရန် ပင်ထောင်ရိုက်မှတ်ခြင်း၊ ဝယ်ယူနိုင်ရန်ခွင့်ပြုချက်များ မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးလည်း ကြိုတင် ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ဆက်လက်တင်ပြရမယ်ဆိုရင် ၂၀၁၆-၂၀၁၇ မှာဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံးမှာ သစ်ထုတ်လုပ်ခြင်းကိုရပ်ထားပါတယ်။ ထိုနည်းတူပဲ ပဲခူးရိုးမတစ်ခုလုံးကိုတော့(၁၀) နှစ်တာ ကာလအတွင်း ၂၀၁၇ ကနေပြီးတော့ ၂၀၂၇ အထိ ကျွန်တော်တို့ သစ်ထုတ်လုပ်ခြင်းကိုလည်း ရပ်နားထားပါတယ်။ အဲဒီ နည်းတူအကယ်၍ ကျွန်တော်တို့ပြန်လည်ပြီး သစ်ထုတ်လုပ်ခွင့်ပြုတာတောင်မှ တစ်နှစ်ကို သတ်မှတ်ထားတဲ့ သစ်ထုတ်ခွင့် AAC- Annual Allowable Cut ရဲ့ ကျွန်တော်တို့ အဲဒီထဲကနေပြီးတော့ အောက်မှာ နှိမ့်ပြီးတော့ တတ်နိုင်သမျှ ကျွန်တော် ဒီ အနည်းဆုံးအဆင့်နဲ့ ကျွန်တော်တို့ ထုတ်ဖို့အတွက် စီစဥ်ထားတာကြောင်းကို ဆက်လက်တင်ပြအပ်ပါတယ်။ အဲဒီ အဆိုပါ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ မိမိသုံးသစ် (၁၅၀၀) ထုတ်လုပ်ရာမှာ သစ်ခုတ်လှဲခြင်း ပိုင်းဖြတ်ရန်အတွက် Myint Brothers Asia Co.Ltd ကို

စက်လွှနှစ်ခုကို ကျွန်တော်တို့ မောင်တောခရိုင်၊ သစ်တောဦးစီးဌာနရဲ့ လိုင်စင်အမှတ် (၁/၂၀၁၆)နဲ့ (၂/၂၀၁၆)တို့နဲ့ ၅-၄-၂၀၁၆ ကနေပြီးတော့ ၃၀-၃-၂၀၁၇ အထိ အသုံးပြုရန်အတွက် ကျွန်တော်တို့ တရားဝင်မှတ်ပုံတင်ပြီးတော့ ပေးခဲ့ပါတယ်။

သစ်တောပြုန်းတီးမှုကိုဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းတစ်ခုမှာဖြစ်တဲ့ လက်ကိုင်စက်လွှများ အသုံးပြုမှုကို ထိန်းချုပ်ဖို့တော့ ကျွန်တော်တို့ ဒီဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃ နဲ့ ထုတ်ပြန်ကြေညာခဲ့ပေမယ့်လည်း သစ်တောဦးစီးဌာန တစ်ခုတည်းကနေပြီးတော့ အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့ လက်ကိုင်စက်လွှများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းမှ ဖြန့်ဖြူးရောင်းချခြင်းများကို အပြည့်အဝထိန်းချုပ်နိုင်ရန်အတွက် ၂၀၁၆ ဇွန်လမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ကျွန်တော်တို့ တင်ပြပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ဆောင်ရွက်ရန် ညွှန်ကြားချက်အရ ကျွန်တော်တို့ စနစ်တကျဖွဲ့စည်းပြီးတော့ စက်ကိုင်လွှ၊ လက်ကိုင်စက်လွှများ အသုံးပြုမှုများကို ထိန်းချုပ်ပြီးတော့ အသုံးပြုဆောင်ရွက်ရှိပါတယ်။

တရားမဝင်သစ်ထုတ်လုပ်မှု၊ သယ်ဆောင်မှုနဲ့စပ်လျဉ်းပြီးတင်ပြရမယ်ဆိုရင်တော့ မောင်တောခရိုင်အတွင်းမှာ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းပြီးတော့ တရားမဝင်သစ်များ ဖော်ထုတ်ခြင်းကို ဆောင်ရွက်ရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဖမ်းဆီးခြင်း(၁၉၅)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်းတိုင်လုံး(၀.၂၀၇၂)တန်၊ ကျွန်းခွဲသား(၀.၆၉၄၅)တန်၊ သစ်မာခွဲသား(၀.၁၁၇)တန်နှင့် အခြားတိုင်လုံး (၁.၃၄၂၆)တန်နှင့် အခြားသစ်မျိုးစုံခွဲသား(၁၂၅.၀၄၈၄)တန် စုစုပေါင်းအားဖြင့် (၁၂၇.၄၁၀၅)တန်ကို ၂၀၁၆-၂၀၁၇ ဩဂုတ်လအတွင်းမှာ ဖမ်းဆီးခြင်းနဲ့အတူ (၄၆)ကြိမ် ဆောင်ရွက်ခဲ့ပြီးတော့ သစ်မာခွဲသား ကျွန်တော်တို့ အားလုံးစုစုပေါင်းဆိုလို့ရှိရင် (၁.၃၀၉၅)တန်နှင့် အခြားသစ်ခွဲသားမျိုးစုံကတော့ (၃၇.၃၇၅၆)တန်၊ စုစုပေါင်း(၃၈.၆၈၅၁)တန်ကိုတော့ ဖမ်းဆီးအရေးယူခြင်းတော့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မောင်တောခရိုင်ဟာ မြောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်မှာ ချင်းပြည်နယ်၊ တောင်ဘက်မှာ စစ်တွေခရိုင်ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်၊ နတ်မြစ်နှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံ နယ်နိမိတ်အကြားမှာရှိပါတယ်။ အဓိက ဆက်သွယ်ရေးလမ်းဖြစ်တဲ့ ဘူးသီးတောင်-မောင်တောကားလမ်းနှင့် မေယုအပါအဝင် မောင်တောခရိုင်အတွင်းမှာ ဒေသအတွင်းမှာ နယ်စပ်လုံခြုံမှုရရှိစေရန် ဒေသတည်ငြိမ်ရေးနဲ့ တရားမဝင် လူ၊ ပစ္စည်းများ တစ်ဖက်နိုင်ငံကို ခိုးဝင်ထုတ်ခြင်း မရှိစေရန်အတွက် နယ်မြေခံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ရင်းများ၊ အမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နဲ့ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ တပ်ရင်းတပ်ဖွဲ့များ၊ လုံခြုံရေးကို တင်းကျပ်စွာ စိစစ်ဆောင်ရွက်လျက်ရှိပြီးတော့ ညမထွက်ရအမိန့် ထုတ်ပြန်ထားတဲ့အတွက်ကြောင့်မို့လို့ လုံခြုံရေးအခြေအနေအရ သစ်ထုတ်လုပ်ရောင်းချမှု အသုံးပြုပြီးတော့ တစ်ဖက်နိုင်ငံကို တရားမဝင် သစ်သယ်ဆောင်ရာမှာ လွန်စွာခက်ခဲတဲ့ အခြေအနေဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သစ်များဟာလည်း ဒေသသုံးအတွက်သာဖြစ်ပြီးတော့ ဒါကြောင့်မို့ကျွန်တော်တို့ တရားမဝင်သစ် ဖော်ထုတ်

ဖမ်းဆီးခြင်းများကို ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျား။

သို့ပါ၍ ကျွန်တော့်အား မေးမြန်းထားတဲ့ ရခိုင်ပြည်နယ် အမှတ်(၉) မဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ရခိုင်ပြည်နယ်၊ မောင်တောခရိုင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်ရန်နဲ့ ဝယ်ယူခွင့်ပြုရန် ခွင့်ပြုထားချက်များ မရှိပါကြောင်းနဲ့ အဖိုးတန်သစ်တော သယံဇာတများ တရားမဝင်ခိုးယူ ထုတ်ခြင်းများမရှိစေရန်အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးနှင့်ပြည်သူများရဲ့ အကူအညီယူပြီးတော့ စနစ်တကျဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများဖြင့် စုံစမ်းသိရှိရတဲ့ နယ်မြေများမှာတော့ တရားမဝင်သစ်ဖမ်းဆီးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ကြိုတင်ခွင့်ပြုချက်အရ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ရဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်ကားလမ်းမကြီးမှ ကားလမ်းမကြီးနဲ့ ဘေးမှာရှိတဲ့ အမှတ်(၃)သတ္တုတွင်းဝန်ကြီးဌာနက ဖျက်သိမ်းပြီးဖြစ်တဲ့ မြေဖြူသန့်စင်စက်ရုံ အတွက် နောက်ထပ်လုပ်ငန်း အသစ်တည်ထောင်လုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ မရှိပါက မူလသိမ်းဆည်းခံဖြစ်တဲ့ ခြံပိုင်ရှင်များကို မိသားစုများကို မြေ သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

(၁) မုဒုံရွှံ့စေးဖြူဟာ စက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်းဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ထုတ်လုပ်ဖြန့်ဖြူးရန် စက်မှုလက်မှု တွင်းထွက်ကုန်ကြမ်းများ ကော်မတီကိုတော့ ၁၉၆၈-၁၉၆၉ စပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။ ဘူမိဗေဒအဖွဲ့ရဲ့ ရှာဖွေတိုင်းတာချက်အရ စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ သတ္တုသိုက်အနေအထား ရှိတဲ့အတွက်ကြောင့်မို့လို့ ၁၉၇၀-၁၉၇၁ ခုနှစ်ကစပြီးတော့ မော်လမြိုင်မြို့မှာ ရုံးခွဲဖွင့်လှစ်ပြီးတော့ ရွှံ့စေးဖြူကြမ်းများကို ထုတ်လုပ်ခဲ့ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ရာဘာပစ္စည်းစက်ရုံနဲ့ ဖိနပ်စက်ရုံများကို အဓိကပေးသွင်းခဲ့ပါတယ်။ (၂) မုဒုံရွှံ့စေးဖြူမှုန့်တွေကို စက်ရုံ အလုပ် ရုံနဲ့ လိုအပ်ချက်အတိုင်း တိုက်ရိုက်ပေးသွင်းနိုင်အောင် ၁၉၇၉-၁၉၈၀ ကစတင်ပြီးတော့ မော်လမြိုင်မြို့မှာရှိတဲ့ ရုံးအဆောက်အအုံ (၁)လုံး၊ အမှုန့်ကြိတ်စက်ရုံ (၁)လုံးနဲ့ သိုလှောင်စက်ရုံ(၁)လုံး၊ အစောင့်နေအိမ်(၁)လုံးနဲ့ ဂိတ်တဲ(၁)လုံးကိုတော့ ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလကစပြီးတော့ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာ၊ မြို့နယ်ထုတ်လုပ်ရေးစခန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပါတယ်။

မုဒုံမြို့နယ် ထုတ်လုပ်ရေးစခန်းရဲ့ တည်နေရာကတော့ ကျွန်တော် Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ ကျုံဖိုက်ကျေးရွာအုပ်စုအတွင်း ကွင်းအမှတ် ၈၄၈၊ တော်ဖွတ်အရှေ့ကွင်း ဦးပိုင်အမှတ် (၈၉) ဖြစ်ပြီးတော့ ဧရိယာအားဖြင့် (၄.၉)ဧက ရှိပါတယ်။ အမှုန့်ကြိတ်လုပ်ငန်း ဆောင်ရွက်ဖို့ပစ္စည်းများတပ်ဆင်ခြင်းနဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်ခဲ့ပြီးတော့ ၁၉၈၂-၁၉၈၃ ခုနှစ်ကစပြီးတော့ ပုံမှန်အမှုန့်ကြိတ်လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ (၃) မုဒုံမြို့နယ်ထုတ်လုပ်ရေးစခန်းက အသုံးပြုနိုင်တဲ့ မြေနေရာဟာ ဦးပန်းရွှေ၊ ဒေါ်ငွေဖြူ တို့က ကြေးတိုင်နှင့်

မြေစာရင်းဦးစီးဌာနကို ၁၉၆၂ ခုနှစ်မှာ ရာဘာပင်များ ခုတ်လှဲခွင့် လျှောက်ထားပြီးတော့ ၁၉၆၈ ခုနှစ်မှာ ရာဘာပင်များ ခုတ်လှဲခွင့်ရရှိခဲ့တာ (၃)နှစ်အတွင်း ရာဘာပင်များ ပြန်လည်စိုက်ပျိုးရန် ပျက်ကွက်တဲ့ အတွက်ကြောင့်မို့လို့ ၁၉၇၆ ခုနှစ်မှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စည်းကမ်းပျက်မြေအဖြစ် သတ်မှတ်ပြီးတော့ နိုင်ငံတော်အစိုးရက ပြန်လည်သိမ်းယူထားတဲ့မြေဖြစ်ပါတယ်။ ယင်းစည်းကမ်းပျက်မြေ တော်ဖွတ်အရှေ့ကွင်း၊ ကွင်းအမှတ် (၈၄၈)၊ ဦးပိုင်အမှတ် (၈၉)၊ ဧရိယာ (၃.၅) ဧကနဲ့ ရွာသီးသန့်မြေ ဦးပိုင်အမှတ် N/၃၁၊ မြေဧရိယာ (၁.၄၀)ဧက၊ စုစုပေါင်းမြေဧရိယာ (၄.၉) ဧကကိုတော့ မွန်ပြည်နယ်၊ ပြည်သူ့ကောင်စီရဲ့ ၂၁-၈-၁၉၈၅ ရက်စွဲပါစာအမှတ် ၁၂၃၃၆၊ စီးပွား/မြေယာ-၉/၈၅ ဖြင့် ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ နဲ့ နည်းဥပဒေ ၈၄ အရ သတ္တုတွင်းဝန်ကြီးဌာနမှနေပြီး အမှတ်(၃)သတ္တုတွင်းဝန်ကြီးဌာန အမည်ပေါက် မုဒုံမြို့နယ် ထုတ်လုပ်ရေးစခန်း ရွှံ့စေးဖြူသန့်စင်စက်ရုံအဖြစ် လွှဲပြောင်းပြီးတော့ လ/န-၃၉ လည်းပဲ ရရှိပြီးဖြစ်ပါတယ်။

(၄) ၁၉၈၂-၁၉၈၃ ခုနှစ်ကစပြီးတော့ လျှပ်စစ်မီး အချိန်မှန်ရရှိခြင်း၊ စက်ပစ္စည်းများ ကောင်းမွန်ခြင်းတို့ကြောင့် အမှုန့်ကြိတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၅-၁၉၉၆ ခုနှစ်ကစပြီးတော့ လျှပ်စစ်ပုံမှန်မရရှိတာနဲ့ စက်ပစ္စည်းများချို့ယွင်းမှုကြောင့် အမှုန့်ကြိတ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိတဲ့အတွက် ကျွန်တော်တို့ ရပ်နားခဲ့ပါတယ်။ လုပ်ကွက်ကနေပြီးတော့ ရွှံ့စေးဖြူကြမ်းများကိုသာ ပွင့်လင်းရာသီမှာ ထုတ်လုပ်ပြီးတော့ ကားများနဲ့ စက်ရုံရှိ သိုလှောင်ရုံများကိုတင်ပို့ကာ ဝယ်ယူတဲ့ဌာနများကို ကျွန်တော်တို့ တစ်ဆင့်ပို့ချ ရောင်းချခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့ကစပြီးတော့ အောင်အောဝမ်းကြွယ်ကုမ္ပဏီနဲ့ သဘောတူစာချုပ် ချုပ်ပြီးတော့ အကျိုးတူဖက်စပ် ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ကွက်များကနေပြီးတော့ ရွှံ့စေးဖြူကြမ်းများကို တူးဖော်ပြီး စခန်းမှာရှိတဲ့ သိုလှောင်ရုံများမှာ ကုန်ကြမ်းအဖြစ် သိုလှောင်ထားပြီးတော့ ရောင်းချပေးနေတာ ယခုအထိတိုင် ဖြစ်ပါတယ်။

(၅) လ/န-၃၉ ရရှိပြီးဖြစ်တဲ့ မုဒုံမြို့နယ်၊ ရွှံ့စေး ဖြူထုတ်လုပ်ရေး စခန်းမြေနေရာသည် ဌာနအမည်ပေါက် နှစ်(၃၀)မြေငှားဂရန် ရရှိရေးကို ၈-၃-၂၀၁၃ ရက်နေ့မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်မြို့ကို လျှောက်ထားခဲ့ရာမှာ မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၈-၅-၂၀၁၅ ရက်စွဲပါစာအမှတ် ၄/၁-၂၃/ ဦး - ၁ (အထဉ)နဲ့ နှစ်(၃၀)စက်မှုမြေငှားဂရန်ကိုတော့ ၂၈-၅-၂၀၁၅ ကနေပြီးတော့ ၂၇-၅-၂၀၄၅ ခုနှစ်အထိ အမှတ်(၃) သတ္တုတွင်းဌာနအမည်ဖြင့် အမည်ပေါက် ရရှိခဲ့ပါတယ်။

အဲဒီမြေနေရာမှာ ရုံးထားရှိပြီးတော့ ပြည်နယ်အဆင့် ဌာနဆိုင်ရာကိစ္စများ၊ ဌာနနဲ့အကျိုးတူဆောင်ရွက်နေတဲ့ ကုမ္ပဏီများနဲ့ ရုံးချုပ်ကို ဆက်သွယ်ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်စေပြီးတော့ ထုတ်လုပ်ရရှိတဲ့ မြေဖြူစေးကြမ်းများကိုတော့ ၎င်းစခန်းမှာရှိတဲ့ ဂိုဒေါင်များမှာ ကျွန်တော်တို့ ထိန်းသိမ်းလျက်ရှိပါတယ်။ ၁၅-၁-၂၀၁၅ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ကနေပြီးတော့ သဘောတူဆုံးဖြတ်ချက်နဲ့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၃၁-၃-၂၀၁၅ ရက်စွဲပါစာအမိန့်ကြော်ငြာစာအရ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းကို ဖျက်သိမ်းပြီးတော့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအဖြစ်ကို သွတ်သွင်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ယခုအချိန်မှာ သယံဇာတနဲ့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကနေပြီးတော့ တာဝန်ယူဆောင်ရွက်နေလျက်ရှိပါတယ်။

(၆) အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအနေနဲ့ မွန်ပြည်နယ်မှာ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ထုံးကျောက်နဲ့ ရွှံ့စေးဖြူထုတ်လုပ်ခြင်း လုပ်ငန်းများကို ကုမ္ပဏီ (၅)ခုနဲ့ အကျိုးတူဆောင်ရွက်လျက်ရှိပါတယ်။ အကျိုးတူဆောင်ရွက်လျက် ပူးပေါင်းနေတဲ့ ကုမ္ပဏီတွေကို အနီးကပ်ကြီးကြပ်ရန်နှင့် ကုမ္ပဏီများနဲ့ ပြည်နယ်အစိုးရအကြား လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ ရွှံ့စေးဖြူကုန်ကြမ်းများသာထားရှိပြီးတော့ သိုလှောင်ရန်အတွက် သော်လည်းကောင်း၊ မုဒုံမြို့နယ် ထုတ်လုပ်ရေးစခန်းနေရာကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်းက မွန်ပြည်နယ်မှာ ရုံးခွဲဖွင့်လှစ်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် စွန့်လွှတ်ရန် မရှိပါကြောင်းနဲ့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ၁၉၇၆ ခုနှစ်ကပင် စည်းကမ်းပျက်မြေအဖြစ် သိမ်းယူခဲ့တဲ့ မြေဖြစ်ခြင်း၊ ၁၉၈၅ ခုနှစ်မှာ အမည်ပေါက် လုံးဝလွှဲပြောင်းရရှိပြီးဖြစ်ခြင်း၊ နှစ်(၃၀) မြေငှားဂရန်ရရှိပြီးဖြစ်ခြင်းတို့ကြောင့် နစ်နာကြေးပေးရန်လည်း အစီအစဉ်မရှိပါကြောင်းကို ကျွန်တော် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောကဝန်ကြီးဖြေသွားတဲ့ အပိုင်းမှာ နှစ်(၃၀)မြေငှားဂရန် ရသွားပြီလို့ ပြောပါတယ်။ မြေငှားဂရန်သက်တမ်းကုန်သွားလို့ သက်တမ်းတိုး ပြန်လျှောက်တဲ့အခါမှာ မူလပိုင်ရှင်တွေ ကန့်ကွက်တာကြောင့် သက်တမ်းတိုးခြင်းကို ရပ်ဆိုင်းထားခြင်း ဖြစ်ပါတယ်။ ပြီးတော့ ဒီမြေဟာ လက်ရှိ ဦးပန်းရွှေ၊ ဒေါ်ငွေဖြူ နာမည်ပေါက်ပြီးတော့ G 3 အမျိုးအစားဖြစ်ပါတယ်။ ရာဘာခြံစိုက်တဲ့ အမျိုးအစား မဟုတ်ပါဘူးခင်ဗျား။ အဲဒါလေးပဲ ကျွန်တော်မေးတာပါ။

**ဥက္ကဋ္ဌ**။ ။ ဖြေဆိုနိုင်လား၊ ဖြေဆိုနိုင်ရင်လည်း ဖြေပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ခုန ကိုယ်စားလှယ်ကြီး တင်ပြတဲ့ဟာအတွက်ကို ကျွန်တော်စုံစမ်းကြည့်ပါမယ်။ စုံစမ်းကြည့်လို့ စာနှင့် ကျွန်တော်ဖြေပြီး တင်ပြပေးပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်သိန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခုကျွန်တော်ဖတ်ကြားတင်သွင်းမယ့် အစီရင်ခံစာကတော့ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအပေါ်မှာ ကျွန်တော်တို့ စိစစ်တင်ပြခြင်း အစီရင်ခံစာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ် ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၆ - ၃၄၅

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၂၈-၉-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း တို့ဟာ ၅-၁၀-၂၀၁၆ ရက်နေ့မှာ အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အဆိုပါနေ့တွင် အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနဲ့လည်း ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ် လေ့လာစိစစ်တဲ့အခါမှာ-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားတဲ့ နိုင်ငံသားတစ်ဦး၏ နေအိမ်လုံခြုံမှု၊ ပစ္စည်းလုံခြုံမှုဆိုတဲ့ စကားရပ်ကို အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၈၊ အပိုဒ်ခွဲ(က)တို့နှင့် ညီညွတ်မှုရှိစေရန်အတွက် နိုင်ငံသား

တစ်ဦး၏နေအိမ် အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံလုံခြုံမှု၊ ပစ္စည်းလုံခြုံမှုဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားတဲ့ စကားရပ်များအစား မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့် အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရန် ကာကွယ်ပေးရမည်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)တွင်ပါရှိတဲ့သူ တစ်ဦးဦးအား ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် ဆိုတဲ့ စကားရပ်ကို သူတစ်ဦးဦးအား ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇ တွင် ပါရှိတဲ့ စကားရပ်များဟာ ပြစ်မှုကျူးလွန်ရာဒေသ၌ရှိသော စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးဟုဖော်ပြပါက ပိုမိုပြည့်စုံမှုရှိတဲ့အတွက် အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းသာ ပြန်လည်ထားရှိရန်လည်းကောင်း၊ အဓိပ္ပာယ်ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် အပိုဒ် ၈ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)တွင်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူ နားထောင်ခြင်း ဆိုတဲ့စကားရပ်ကို ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးအကြား တိုက်ရိုက်ပြောကြားခြင်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း ကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ် ဖမ်းယူနားထောင်ခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ အပိုဒ် ၉ ကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ဖြင့် နိုင်ငံတော်အကျိုးငှာ ရာထူးတာဝန်တစ်ခုခုခန့်အပ်ရန် ကိစ္စရပ်မှတစ်ပါး ပြစ်မှု တစ်စုံတစ်ရာ ကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားမရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ ဆိုတဲ့စကားရပ်ကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး မှ ယင်းပြင်ဆင်ချက်နှင့် ပတ်သက်၍ ရာထူးတာဝန် တစ်ခုခုခန့်အပ်ရန် ကိစ္စတစ်ခုခုအတွက်သာ ခွင့်ပြုထားကြောင်း တွေ့ရသည်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့်ဆိုင်သည့်ကိစ္စရပ်များ ပါဝင်ခြင်းမရှိကြောင်း၊ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေး တာဝန်ထမ်းဆောင်နေရသူများအဖို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်သော ဆောင်ရွက်ချက်

များကို စုံစမ်းထောက်လှမ်းခြင်း မပြုနိုင်တော့သဖြင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပြီး နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်နိုင်ခြင်းများ ဖြစ်နိုင်သည့်အတွက် တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ ဆိုတဲ့စကားရပ်ကို ထပ်မံပြင်ဆင်လိုကြောင်း အဆိုပြုတင်ပြခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ကော်မတီ၏ သဘောထားမှတ်ချက်အရဆိုလျှင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကိုကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး ဆွေးနွေးခဲ့ရာမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး မှ အပိုဒ် ၉ တွင် ဖော်ပြထားသော စကားရပ်များကို ပြင်ဆင်ဖြည့်စွက်လိုကြောင်း အကြံပြုဆွေးနွေးခဲ့ပြီး ကျန်(၁၁)ဦးမှာ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်းနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

(သြဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အဆိုပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၂(ဃ) ပြင်ဆင်ချက် ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၂)မှာ ရှိပါတယ်။

၂။ (ဃ) ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု ဆိုသည်မှာ နိုင်ငံသား တစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များလုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည် လို့ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ထားချက် အတိုင်းအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၅(က)နဲ့ (ခ) ပြင်ဆင်ချက်ဖြစ်ပါတယ်။

၅။ (က) မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရန် ကာကွယ်ပေးရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်နှင့် နေအိမ်အဖြစ် အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံများ အတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအားရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦး အပါအဝင် အနည်းဆုံး သက်သေနှစ်ဦး နှင့်အတူ ဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ထားချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(ဂ) ပြင်ဆင်ချက်ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ နံပါတ် ၃ နဲ့ ၄ မှာ ရှိပါတယ်။

၈။ မည်သူမျှတည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲလို့ ခြေဆင်းကို ပြင်ဆင်ထားပါတယ်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦးကြား တိုက်ရိုက်ပြောကြားခြင်း သို့မဟုတ် ဆက်သွယ်ရေးကိရိယာ ပစ္စည်းကိရိယာတစ်မျိုးမျိုးဖြစ် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်

ဖမ်းယူနှာထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်း မပြုရလို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ထားချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၉ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနံပါတ် ၅ မှာ ရှိပါတယ်။

၉။ မည်သူမျှ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ဖြင့် နိုင်ငံတော်အကျိုးငှာ ရာထူးတာဝန်တစ်ခုခု ခန့်အပ်ရန် ကိစ္စရပ်မှတစ်ပါး ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်းခိုင်လုံသည့် အထောက်အထားမရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မပြုရလို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။

တပ်မတော်သားကိုယ်စားလှယ်ဖြစ်တဲ့ ဒုတိယ ဗိုလ်မှူးကြီးကျော်စံဦး ကတော့ အပိုဒ် ၉ တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်း မရှိလျှင် မည်သူမျှ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မပြုရလို့ ပြင်ဆင်သင့်ကြောင်း တင်ပြထားပါတယ်။

ဒီကွဲလွဲတဲ့ ပြင်ဆင်ချက် (၂)ခုကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံမဲ (၁၂၂) မဲ၊ ကန့်ကွက်မဲ (၆၁) မဲနှင့် ကြားနေမဲ (၁) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်-

ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့် အပိုဒ် ၇ ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၈(ဇ)ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၊ အပိုဒ် ၄၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၆၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈(က)(ခ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၁၀၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၄ နှင့် အဆိုပြုပြင်ဆင်ထားသည့် အပိုဒ် ၁၅ ပယ်ဖျက်ချက်တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ဒီကနေ့ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပုဒ်မ ၄ အဆိုပြုပြင်ဆင်ချက်မှာပါတဲ့ ဥပဒေ ပုဒ်မ ၄ ကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ သဘောတရားကတော့ ကျွန်တော်တို့ ကော်မရှင်ကို ဖွဲ့စည်းတဲ့နေရာမှာ မူလဥပဒေမှာ (၁၈)ဦးနှင့် ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ ပြင်ဆင်အဆိုပြု ပြင်ဆင်ချက်ကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင်တော့ (၁၂)ဦးနဲ့ လျှော့ချပြီး ဖွဲ့စည်းထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဓိကဆိုလိုရင်းကတော့ အဖွဲ့ဝင်ဦးရေကို လျှော့ချပြီး

ဖွဲ့စည်းမယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။ လျှော့ချဖွဲ့စည်းတဲ့အရေအတွက်ကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ဒါပေမယ့်လည်း ဒီ ဥပဒေအပိုဒ် ၄ ရဲ့ အပိုဒ်ခွဲ(ဂ)မှာပါတဲ့ ဥပဒေဘာသာပြန်ဆိုရေး လုပ်ငန်းတာဝန်နှင့် သင့်လျော်သော ပုဂ္ဂိုလ်(၈)ဦး ဆိုပြီးတော့ ကျွန်တော်တို့ အပိုဒ်ခွဲ(ဂ)မှာ ဖော်ပြ ထားတာ ဖြစ်တဲ့အတွက် အဲဒီလိုဖော်ပြချက်ဟာ ကျွန်တော်တို့ ဥပဒေဘာသာကို ကျွန်တော်တို့ ဒီတာဝန် တိတိကျကျ ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ပြီးတော့ ဘယ်လိုအရည်အချင်း သတ်မှတ်ချက်တွေ ဖော်ပြထား ခြင်းလည်း မရှိပါဘူး။ မူလမှာတော့ ကျွန်တော်တို့ ဒီအရည်အချင်းသတ်မှတ်ချက်တွေ ကျွန်တော်တို့ ဘယ်လိုတိတိကျကျ လုပ်ရမယ်ဆိုတဲ့ဟာကို ဖော်ပြထားတာကို ကျွန်တော်တို့ တွေ့ရပါ တယ်။ ဥပဒေရဲ့ အနှစ်သာရအားဖြင့်လည်းကောင်း ပြီးတော့ ကျွန်တော်တို့တွေ ပွင့်လင်းမြင်သာမှုတွေ၊ တိကျရှင်းလင်း မှုတွေ မပါရှိတဲ့အတွက် ဒါကို ကျွန်တော်အနေနဲ့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကျွန်တော်တို့ ပြန်ကြည့် မယ်ဆိုရင်လည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က မူလ ဥပဒေအတိုင်း ကျွန်တော်တို့ တိကျစွာနှင့် အချိုးအစား အရေအတွက် လျှော့ချပြီးတော့ ကျွန်တော်တို့ (၁၂)ဦးဖြင့် ဖွဲ့စည်းထားတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် အပိုဒ်ခွဲ (ဃ)နဲ့ (င)ရယ် ကျွန်တော်တို့ ပြီးတော့ (ဇ)ရယ်ကို ကျွန်တော့်အနေနဲ့ ထောက်ပြအကြံပြုဆွေးနွေးလိုပါတယ်။ အပိုဒ်ခွဲ(ဃ)မှာ ပါတာ ကတော့ တရားလွှတ်တော်ရှေ့နေ လုပ်သက်(၁၀)နှစ်နဲ့အထက်ရှိသူ (၂)ဦးဆိုပြီးတော့ ဖော်ပြထားတာ တွေ့ပါတယ်။

အဲဒီတော့ အထက်ပါ (က)နဲ့ (ခ) (ဂ)ကို ပြန်ကြည့်မယ်ဆိုရင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီးတော့ (ခ)မှာကျတော့ ကျွန်တော်တို့ ပြည်ထောင်စုတရားသူကြီးချုပ်က အမည် စာရင်းပေးသူတစ်ဦးက အဖွဲ့ဝင်အဖြစ် ပါတာကိုတွေ့ရပါတယ်။ (ဂ)မှာကျတော့ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူတစ်ဦးဆိုပြီးတော့ ထည့်ထားတာ ကျွန်တော်တို့ အဖွဲ့ဝင် အဖြစ် ထည့်ထားတာ တွေ့ရပါတယ်။ (ဃ)မှာကျတော့ ကျွန်တော်တို့ ခုနပြောသလို တရားလွှတ်တော် လုပ်သက်(၁၀)နှစ်နဲ့အထက်ရှိသူ(၂)ဦး ဖြစ်နေတဲ့အတွက် အဲဒီနေရာမှာ တစ်ဦးသာလျှင် ဖွဲ့စည်းသင့် ကြောင်း ကျွန်တော့်အနေနဲ့ ထောက်ပြအကြံပြု ဆွေးနွေးလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ်ခွဲ(င)မှာ တက္ကသိုလ် ကောလိပ်၊ အင်္ဂလိပ်စာဌာနများမှာ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ ကထိက(၁)ဦး ဆိုပြီး တော့ ကျွန်တော်တို့ အဖွဲ့ဝင်အဖြစ် ထည့်ဝင်ထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ အပိုဒ်ခွဲ(စ)မှာ ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုရင် တက္ကသိုလ်ကောလိပ် ဥပဒေဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ ကထိက (၂)ဦး ဆိုပြီးတော့ ကျွန်တော်တို့ တွေ့ရပါတယ်။ အပိုဒ်ခွဲ(ဆ)မှာ ဆိုရင်လည်းပဲ မြန်မာစာဌာနမှ အငြိမ်း စားပါမောက္ခ အဖွဲ့ဝင်(၂)ဦး ဆိုပြီးတော့ ပါရှိတဲ့အတွက် သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပုဂ္ဂိုလ် တွေကို ကျွန်တော်တို့ (၂)ဦးစီထည့်ထားတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒီအတွက်ကြောင့်လည်း အပိုဒ်ခွဲ(င)မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ တက္ကသိုလ်ကောလိပ်၊ အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ ကထိက တစ်ဦးဆိုတဲ့

နေရာမှာ ကျွန်တော်တို့ (၂)ဦး ဆိုပြီးတော့ ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းသင့်ပါကြောင်း ကျွန်တော့် အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အပိုဒ်ခွဲ(ဇ)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူးအဖြစ် ကျွန်တော်တို့က ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဆိုပြီးတော့ ကျွန်တော်တို့ မူလဥပဒေပါ ပြဋ္ဌာန်းချက်နှင့် တူညီစွာပြန်ပြီးတော့ ထည့်သွင်းဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ မူလဥပဒေမှာ ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် မူလဥပဒေ ဖွဲ့စည်းခဲ့စဉ်အချိန်တုန်းက ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ် တစ်ဦးသာရှိလို့ ကျွန်တော်တို့ ဖြစ်ပါလိမ့်မယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့ ရှေ့နေချုပ်ရုံးမှာ ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်တွေ ရှိနေတာဖြစ်တဲ့အတွက် တိတိကျကျ ပြဋ္ဌာန်းဖို့လိုပါတယ်။ အဲဒီတော့ အဲဒီအထဲမှာ ကျွန်တော်တို့ အဆိုပြုပြဋ္ဌာန်းချက်မှာပါဝင်တဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သင့်တဲ့လူကတော့ ညွှန်ကြားရေးမှူးချုပ် ဥပဒေများစိစစ်ရေးဦးစီးဌာနဆိုပြီးတော့ ဌာနတစ်ခုကို သတ်သတ်မှတ်မှတ် ဆီလျော်စွာ၊ ကိုက်ညီစွာ ကျွန်တော်တို့ ထည့်သွင်းဖော်ပြသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၃ မှာ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်ဆိုပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ကျွန်တော့်အနေနဲ့ ထောက်ခံကြိုဆိုပါကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မူလဥပဒေမှာတုန်းက ကျွန်တော်တို့ ဖွဲ့ထားတာရှိပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာကျတော့ ဘာမှထည့်ထားခြင်း မရှိပါဘူး။ ဦးရေ (၁၂)ဦးနဲ့ လျှော့ချတာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဖြည့်စွက်ချက်သည် အင်မတန်မှသင့်လျော်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံအကြံပြုဆွေးနွေးလိုပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဥပဒေပုဒ်မ ၁၂ မှာ အဆိုပြုပြဋ္ဌာန်းချက်မှာ ပါဝင်တဲ့ ဖြည့်စွက်ထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဥပဒေပုဒ်မ ၁၂ မှာ ၁၂(က)နဲ့ (ခ)ဆိုပြီးတော့ ထပ်မံဖြည့်စွက်ထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ၁၂(က)က ကော်မရှင်သည်တဲ့ မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာရမည်ဆိုပြီးတော့ ပါ ပါတယ်။ (ခ)မှာကျတော့ ကျွန်တော်တို့ မူရင်းအင်္ဂလိပ်ဘာသာဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဥပဒေခွဲ(က)အရ ထုတ်ပြန်ကြေညာသော မြန်မာဘာသာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တို့ ကွဲလွဲပါကတဲ့ မြန်မာဘာသာဥပဒေပြဋ္ဌာန်းချက်က အတည်ဖြစ်သည်ဆိုပြီးတော့ ဒါ ကျွန်တော်တို့ အဆိုပြုပြဋ္ဌာန်းချက်မှာ ဖြည့်စွက်ထားတာကို တွေ့ရပါတယ်။ ဒါကို ကျွန်တော်တို့ မူလဥပဒေနဲ့ ပြန်လည်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မူလဥပဒေမှာ ပုဒ်မ ၁၂ သည် ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု အမိန့်ဖြင့် ထုတ်ပြန်ကြေညာရမည်လို့ ကျွန်တော်တို့ ပါဝင်ပါတယ်။ အဲဒီတော့ အဆိုပြုပြဋ္ဌာန်းချက်ကို ပြန်ကြည့်မယ်ဆိုရင် ကော်မရှင်ရဲ့ ဘာသာပြန်ချက်သည် အတည်ဖြစ်သည်ဆိုတဲ့ သဘောမျိုး သက်ရောက်ပါတယ်။ အဲဒီတော့ ကော်မရှင်ဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့ မူလဥပဒေ ပြန်ပြီးလေ့လာကြည့်တဲ့အခါမှာ အခန်း(၁)မှာပါတဲ့ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာလည်း

ပါဝင်ပါတယ်။ အခန်း(၁)က ကျွန်တော်တို့ ပုဒ်မ ၂ ရဲ့ (ခ)မှာ ကော်မရှင်ဆိုသည်မှာ ဤဥပဒေ အရဖွဲ့စည်းသော ဥပဒေဘာသာပြန်ကော်မရှင်ကို ဆိုသည်ဆိုတော့ ကော်မရှင်ရဲ့ တာဝန်သည် ဥပဒေ ကို ဘာသာပြန်ရမယ့် ကော်မရှင်အလုပ်တာဝန်သာ ဖြစ်ပါတယ်။ ပြီးတော့ ဘာသာပြန်လုပ်ငန်း ဆိုတဲ့ဟာမှာလည်း ဘာသာပြန်လုပ်ငန်းဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲ ဥပဒေကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းကို ဆိုသည်ဆိုတော့ ဒါ ကော်မရှင်ရဲ့ လုပ်ရမည့် တာဝန်ဝတ္တရားတွေသည် အင်္ဂလိပ်ဘာသာနဲ့ တည်ဆဲဥပဒေတစ်ရပ်နဲ့ ပြဋ္ဌာန်းထားပြီးသား အင်္ဂလိပ် ဘာသာနဲ့ ကျွန်တော်တို့ ဘာသာပြန်ရုံ သက်သက်သာ ဖြစ်ပါတယ်။

အဲဒီတော့ နောက်တစ်ခုက ကျွန်တော်တို့ အခန်း(၂) ရည်ရွယ်ချက်မှာပါတဲ့ ရည်ရွယ်ချက် မှာလည်း မူလဥပဒေရဲ့ အခန်း(၂) ရည်ရွယ်ချက်မှာလည်း အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊ အချို့သော ဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်ဆိုပြီးတော့ ရည်ရွယ်ချက်မှာ ပါနေတာ ဖြစ်တဲ့အတွက်၊ ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ကော်မရှင် ဘာသာပြန်ဆိုချက်ရှိပြီးပါက မူရင်း အင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာထားတဲ့ မြန်မာဘာသာဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ ကွဲလွဲစရာအကြောင်း မရှိတော့ပါဘူး။ ဘာသာပြန် သော ဥပဒေဆိုတာဟာလည်း ဘာသာပြန်ခြင်း သက်သက်သာလျှင် ဖြစ်ပါတယ်။ မူရင်းအင်္ဂလိပ် ဘာသာလျှင် ဥပဒေပြုအာဏာအရ အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေလည်းဖြစ်ပါတယ်။ အဆိုပြု ပြင်ဆင်ချက်မှာမပါဘဲ မူလအတိုင်း ဆက်လက်အတည်ပြုထားတဲ့ ကျွန်တော်တို့ မူလဥပဒေမှာ ပုဒ်မ ၁၃ ဆိုတာ ရှိပါတယ်။ ပုဒ်မ ၁၃ ကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် ကော်မရှင်သည် သင့်လျော် သည်ဟုယူဆလျှင် ထူးခြားသော ဥပဒေဆိုင်ရာ အင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာ ဘာသာဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

အဲဒီတော့ အဲလိုဖော်ပြထားတဲ့အတွက် မူရင်းဥပဒေပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့က အချိတ်အဆက်ရှိပြီးသား ဖြစ်နေသဖြင့် မူလအတိုင်းသာ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း မူလအတိုင်းသာထားရှိရန် ထောက်ခံရခြင်းလည်းဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်သည် ဆက်လက်အတည်ပြုထားတဲ့ မူရင်းဥပဒေပုဒ်မ ၁၄ နဲ့လည်း ကွဲလွဲ ဆန့်ကျင်နေပါသဖြင့် အဆိုပြုတင်ပြထားတဲ့ အပိုဒ်(၃)၊ ဥပဒေပုဒ်မ ၁၂ ပြင်ဆင်ထားချက်အား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ခဲ့ပြီး မူလအတိုင်းထားရှိမှုအပေါ် ထောက်ခံ ပါကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်း ကော်မတီက တင်ပြရန်ရှိက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးအောင်ကြည်ညွှန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဒီကိစ္စမှာ ပြန်လည်ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဥပဒေကြမ်းဘာသာပြန် ကော်မရှင်နဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ကနေပြီးတော့ တင်ပြလိုက်တာကို ကျွန်တော် အမျိုးသားလွှတ်တော်ကနေပြီးတော့ ပြင်ဆင်ချက်တွေ ရှိပါတယ်။ ပြင်ဆင်ချက်တွေထဲကနေပြီးတော့ ဦးဥက္ကာမင်း က ဆွေးနွေးသွားတဲ့နေရာမှာ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၂ ပုဒ်မ ၄ ရဲ့ ပြင်ဆင်ချက်တွေထဲက ပုဒ်မခွဲ (ဃ)မှာ တရားလွှတ်တော်ရှေ့နေ လုပ်သက်(၁၀)နှစ်နှင့် အထက်ရှိသူ (၂)ဦးဆိုတဲ့နေရာမှာ (၁)ဦးဖြစ် သင့်ကြောင်းနှင့် ပုဒ်မခွဲ(င)အရ တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနမှာ တာဝန် ထမ်းဆောင်ဆဲ အငြိမ်းစားပါမောက္ခ သို့မဟုတ် ကထိက(၁)ဦး ဆိုတဲ့နေရာမှာတော့ (၂)ဦးလို့ သူက ပြင်ဆင်အကြံပြု ထားတာ ဖြစ်ပါတယ်။

နောက်တတိယတစ်ချက်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ထားချက် (၈)မှာ ကျွန်တော်တို့က နဂိုဥပဒေမှာ ပါဝင်တဲ့အတိုင်း ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးလို့ပဲ ပြင်ထားတဲ့နေရာမှာ အဆိုပြုတင်ပြတဲ့အတိုင်း အခုအခါမှာ ညွှန်ကြားရေးမှူးချုပ် တွေ များလာတာ (၁)ဦးမကဖြစ်လာတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေများ စိစစ်ရေးဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ကိုသာ ရည်ညွှန်းကြောင်း တင်ပြတာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ် တော်ကြီးရဲ့ အကြံပြုတင်ပြချက်များဟာ ဒီဥပဒေအတွက် ပိုမိုဆီလျော်ပြီးတော့ လက်ခံနိုင်တဲ့ အနေ အထားမျိုး ရှိတဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီက အကြံပြု တင်ပြချက်များကို လက်ခံသဘော တူပါကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီးက ကျန်တဲ့အပိုဒ်များကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်အတိုင်း သူက ထောက်ခံဆွေးနွေးသွားတာ တွေ့ရပါတယ်။

ဒါကြောင့် အကြံပြုဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ပုဒ်မ ၄ ရဲ့ ပုဒ်မခွဲ(ဃ)မှာ တရားလွှတ်တော်ရှေ့နေ လုပ်သက်(၁၀)နှစ်နှင့်အထက် ရှိသူ(၁)ဦး နောက် ပုဒ်မ ခွဲ(င)မှာ တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား

ပါမောက္ခ ကထိက (၂)ဦးလို့ ပြင်ဆင်ပြီးတဲ့အခါမှာ ပုဒ်မခွဲ (ဇ)မှာ ညွှန်ကြားရေးမှူးချုပ် ဥပဒေများ စိစစ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးလို့ ပြင်ဆင်ပြီးတော့ ကျန်တဲ့အပိုဒ်များဖြစ်တဲ့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၃ ဖြစ်တဲ့ ကော်မရှင်ဥက္ကဋ္ဌ တာဝန်ပေးအပ်တဲ့ ကော်မရှင်အဖွဲ့ဝင် (၁)ဦး ဦးဆောင်ပြီးတော့ ကော်မရှင်အဖွဲ့ဝင် (၃)ဦးပါတဲ့ ကော်မရှင်အတွင်းရေးမှူး တို့ပါဝင်သော ဥပဒေဘာသာပြန်လုပ်ငန်းကော်မတီဆိုပြီး အရေအတွက် လျှော့ချထားတာကိုလည်းပဲ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်းနှင့် အဆိုပြုတင်ပြ ချက်ရဲ့ အပိုဒ် ၃ ဖြစ်တဲ့ ပုဒ်မ ၁၂ (က)နဲ့ (ခ)ဟာ မူရင်း ဥပဒေမှာ ပါဝင်ခဲ့တဲ့ ပုဒ်မ ၁၂ ဟာ ပုဒ်မ ၁၃ နဲ့ တစ်ဆက်တစ်စပ်တည်း ချိတ်ဆက်နေတာဖြစ်ပြီးတော့ အကြံပြုတင်ပြချက်မှာ ပုဒ်မ ၁၃ ကို လက်ခံ ထားပြီးသား ဖြစ်ပါတယ်။ ပုဒ်မ ၁၂ ကို ပြင်ဆင်လိုက်တာ ပုဒ်မ ၁၃ နဲ့ ကွဲလွဲသွားတာ ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက်အတိုင်းပဲ အကြံပြုချက်ရဲ့ အဆိုပြု တင်ပြချက်ရဲ့ အပိုဒ် ၃၊ ၁၂(က)၊ (ခ) ပြင်ဆင်ချက်ကို ပယ်ဖျက်ပြီးတော့ မူလဥပဒေမှာ ပြဋ္ဌာန်း ထားတဲ့ ပုဒ်မ ၁၂ အတိုင်းသာ ထားရှိသင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ ကလည်း ဦးဥက္ကာမင်း ရဲ့ ပြင်ဆင်ဆွေးနွေးချက်အပေါ် သဘောတူကြောင်း တင်ပြသည့်အတွက် ယခု ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာတဲ့ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် သဘော တူ မတူ လွှတ်တော်ရဲ့ သဘော ထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက်

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ အစည်းအဝေး ကျင်းပရက် (၄၅)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို ဥက္ကဋ္ဌအနေနဲ့ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက အများပြည်သူ၏ကိစ္စများ၊ ဒေသခံပြည်သူတို့၏ လိုအပ်ချက်အရ တောင်းဆိုသော ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး အစရှိတဲ့ ကဏ္ဍများကို အများပြည်သူတို့၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း(၁၄၇)ခုနှင့် ကြယ်ပွင့် မပြမေးခွန်း (၉၂)ခုတို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန အချင်းချင်း ပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း ကဏ္ဍတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က မြန်မာနိုင်ငံအနှံ့အပြားတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက် မူးယစ်ဆေးဝါး သုံးစွဲသည့်နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများကို ရပ်ကွက် / ကျေးရွာ မကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့် နေရာများတွင် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပါတယ်။ လွှတ်တော်က အဆိုကို လက်ခံဆွေးနွေးရန် သဘောတူညီခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးက အဆိုအပေါ် အကြံပြု ထောက်ခံဆွေးနွေးခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ လွှတ်တော်က အဆိုကို အတည်ပြုခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့်

ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းလုံး သောက်သုံးရေရှားပါး ပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ လွှတ်တော်က အဆိုကို လက်ခံဆွေးနွေးရန် သဘောတူညီခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦးက အဆိုအပေါ် အကြံပြုဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် က တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ လွှတ်တော်ကအဆိုကို လက်ခံ ဆွေးနွေးရန် သဘောတူညီခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးက အဆိုအပေါ် အကြံပြုဆွေးနွေးခြင်းနှင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က အဆိုကို အတည်မပြုကြောင်း ကြေညာခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့တဲ့ ဥပဒေကြမ်းများအနက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိသော သက်ကြီးရွယ်အိုများ၏ ဘဝလိုအပ်ချက်များအား ဖြည့်ဆည်းစောင့်ရှောက်နိုင်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်းကော်မတီကအစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးကဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန် ရေတိမ်ပိုင်းတို့အား ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့နှင့်အညီ ကာကွယ်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းခြင်း၊ လွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ခေတ်ကာလနှင့် လျော်ညီစေရန်အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး ဥပဒေ ၅/၉၄ ကို ရုပ်သိမ်းပြီး ပြောင်းလဲ တိုးတက်လာသော ခေတ်နှင့်လိုက်လျောညီထွေ ဖြစ်စေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးခြင်း နှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် အများပြည်သူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဖြစ်ပြီး ပြည်သူအများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ခရီးသွားလာရေး၊ ကုန်စည် ပို့ဆောင်ရေးတို့အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ တည်ဆဲပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းပြီး မူလအခြေအနေအတိုင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူ ကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၇ - ၇ -၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြ ခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄ ဖြင့် လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅ ဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်ကိုယ်စားလှယ်(၄)ဦး က ဆွေးနွေးခဲ့ရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော် ကိုယ်စားလှယ်ကြီး(၉)ဦးက ဆွေးနွေးခဲ့ရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စု လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ် (၈)ဦး က ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော် ၏ အတည်ပြုချက်အတိုင်း အတည်ပြုခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၉ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက ဆွေးနွေး ခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျာခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများအနက် ပညာရေးဝန်ကြီးဌာနက ချမှတ်သောမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် ခေတ်ကာလနှင့်လျော်ညီသော အခေါ်အဝေါ် အသုံးအနှုန်းများ မှန်ကန်မှုရှိစေရန်အတွက် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်အခွင့်အရေး ကော်မတီ၊ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကိုလည်းကောင်း၊ နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေး အင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်ကို လည်းကောင်း၊ နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်ဆိုသည်ကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ က အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခဲ့ပါတယ်။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကော်မတီများက အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ဒုတိယပုံမှန် အစည်းအဝေးကာလအတွင်း ကော်မတီ အစည်းအဝေးများကို ပြုလုပ်ခဲ့ရာမှာ ဥပဒေကြမ်းကော်မတီ (၂၉)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၃)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ(၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၁၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ(၂)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ( ၆ )ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၄)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၆)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၄)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ(၅)ကြိမ်၊ ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီ (၉)ကြိမ်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၈)ကြိမ်၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ(၈)

ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၁)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁)ကြိမ်၊ စုစုပေါင်းကော်မတီ အစည်းအဝေးအကြိမ်(၁၀၀) ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန် ဆွေးနွေးပွဲ (Debate)ကို (၁၁)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အတွက် သတင်းအချက်အလက်နှင့် လုပ်ငန်းအကူအဖွဲ့မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ကာလအတွင်း မြန်မာနိုင်ငံ၏ ပညာရေးနှင့် အလုပ်အကိုင် ကိန်းဂဏန်းများ ဆိုင်ရာ အချက်အလက်များ စာတမ်းတို (၇၀)နှင့် မြန်မာ့စီးပွားရေးဆိုင်ရာ အချက်အလက်များ စာတမ်းတို (၅၀)တို့ကို ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် (၈၉)ဦးက သိရှိလိုတဲ့ သတင်းအချက်အလက် (၂၈၆)ခုကိုလည်း ရှာဖွေပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အစည်းအဝေး ရပ်နားထား စဉ်မှာ လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌ အနေနဲ့ မှာကြားလိုတာကတော့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝ၊ ပြည်သူ့စကားများကို သိရှိအောင်လေ့လာကြပါ၊ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဒေသခံ မဲဆန္ဒရှင်ပြည်သူများက ဆောင်ရွက် ပေးစေလိုတဲ့ အကျိုးပြုလုပ်ငန်းတွေကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောကြားရင်း လွှတ်တော်ကိုယ်စားလှယ်အားလုံး မိမိတို့သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၅) ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၁၂း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]